
စိတ်ကူးချိုချိုအနုပညာ
mgyoe.com




# ကြာငါးခိုင်သို့ စာကန်တော့ပန်း

မြင့်ကြိုင်

mgyoe.com

ရန်ကုန်တက္ကသိုလ်ရာပြည့်ဂုဏ်ပြုစာအုပ်

ရန်ကုန်တက္ကသိုလ်ရာပြည့်ဂုဏ်ပြုစာအုပ်



# ကျောင်းခိုင်သို့ စာကန်တော့ပန်း

မြင့်ကြိုင်

Today Book Store
ကျောင်းခိုင်သို့ စာကန်တော့ ်န်း
1,900 Ks.
K02826

mgyoe.com

ကြာငါးနိုင်သို့ စာကန်တော့ပန်း။ မြင့်ကြိုင်
စာမျက်နှာ ၁၀၂ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


– စိစဉ်ရေးသားသူ၏ အမှာစာ  က

၁။ သိပ္ပံမောင်ဝ၏ ဘဝနှင့် စာပေ အမှတ်တရဖြစ်စဉ်များ  ၁
(က) ၁၉၂၀  ၁၂

၂။ အမျိုးသားစာဆို ဆရာဇော်ဂျီ (ဦးသိန်းဟန်)၏
အမှတ်တရ ဘဝဖြစ်စဉ်  ၂၁
(ခ) ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်  ၂၈

၃။ စာရေးဆရာ တိုက်စိုး၏
ဘဝနှင့်စာပေ အမှတ်တရဖြစ်စဉ်များ  ၃၃
(ဂ) ဇော်ဂျီနှင့် စာကြည့်တိုက်  ၃၈

၄။ ဒဂုန်တာရာ၏ ဘဝနှင့် စာပေအမှတ်တရမှတ်တမ်း  ၄၇
(ဃ) အိုးဝေမဂ္ဂဇင်း အယ်ဒီတာ ကိုအောင်ဆန်း  ၆၆

၅။ သမိုင်းပညာရှင် စာရေးဆရာမကြီး
စည်သူမကြန်(ဒေါ်ကြန်)၏
ဘဝနှင့်စာပေ အမှတ်တရဖြစ်စဉ်များ  ၇၃
(င) တစ်နွယ်ငင် တစ်စင်တွယ်ရသည့် သံယောဇဉ်များ  ၇၈

၆။ ဦးမြင့်ကြိုင်၏ အမိရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝ၊
တက္ကသိုလ်ဝန်ထမ်းဘဝ အမှတ်တရမှတ်တမ်း  ၉၁
(စ) နှစ် ၁၀၀ ပြည့် အမိရန်ကုန်တက္ကသိုလ်မှတ်တမ်း  ၁၀၀


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## စီစဉ်ရေးသားသူ၏ အမှာစာ

ယခု ၂၀၂၀ ပြည့်နှစ်သည် အမိရန်ကုန်တက္ကသိုလ်ကြီး အတွက် ဂုဏ်ယူဖွယ်ရာ မင်္ဂလာ နှစ် ၁၀၀ (ရာပြည့်) နှစ်ပင် ဖြစ်ပေသည်။ အလားတူ ကျွန်တော် ရိုသေလေးစားပြီး စာသမား၊ စာကြည့်တိုက်မှူးကောင်းအဖြစ် ကြည်ညိုအားကျသူ ဆရာကြီး ဦးသန်းထွတ် (စာရေးဆရာ တိုက်စိုး)၏ နှစ် ၁၀၀ (ရာပြည့်) နှစ်လည်း ဖြစ်ပေသည်။ တိုက်တိုက်ဆိုင်ဆိုင် ရာပြည့်နှစ်ကာလ များ ကျော်လွန်ပြီးမြောက်ခဲ့ကြသော အမိရန်ကုန်တက္ကသိုလ် ကျောင်းထွက်၊ အမိရန်ကုန်တက္ကသိုလ်အတွက် ဂုဏ်ယူဖွယ်ရာ ကျောင်းသား/ကျောင်းသူဟောင်းများစွာအနက် ကျွန်တော်တို့ မြန်မာစာပေလောကအတွက် ကောင်းကျိုးပြုသူ စာရေးဆရာ ကောင်း၊ စာကြည့်တိုက်မှူးကောင်းတို့ကို ပြေးမြင် အတွေးဝင်လာ သဖြင့် စာတစ်အုပ် ပြုစုရေးကာ ဂုဏ်တင်ချင်စိတ် ပေါ်ထင်လာ သည်မှာ အမှန်ပါ။

စာရေးဆရာ၊ စာသမား စာကြည့်တိုက်မှူး တိုက်စိုး နှစ် ၁၀၀ ပြည့်နှစ်နှင့် ဆက်စပ်ပြီး အမှတ်တရဖြစ်ဖွယ်ရာ ပုဂ္ဂိုလ် ကျော်များတွင် ဇော်ဂျီ၊ အောင်ဆန်း၊ ဒဂုန်တာရာ၊ သော်ကောင်း နှင့် မကြန် အမည်နာမ တို့ကို ချန်လှပ်၍ မဖြစ်နိုင်ပါ။ ယနေ့

mgyoe.com

mgyoe.com



မြင့်ကြိုင်၏ဘဝတွင်လည်း အားအကျ၊ ဂုဏ်အယူအပ်ဆုံးနှင့် သူ့ဘဝ သူ့စာများအကြောင်းကို စာမူပုဒ်ရေ အများဆုံး ရေးပြနိုင်ခဲ့သူအဖြစ် မော်လမြိုင်သား စာရေးဆရာ သိပ္ပံမောင်ဝအကြောင်းကိုတော့ ယခု အမိရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ (ရာပြည့်) ကာလတွင် ထိပ်ဆုံးနားက စာရင်းပြုရပါလိမ့်မည် ထင်သည်။

သို့ဖြစ်သည်နှင့်အညီ ဤ 'ကြာငါးခိုင်သို့ စာကန်တော့ပန်း' အမည်ရှိ စာပေဆိုင်ရာ စာကောင်းတစ်အုပ်ဖြင့် အမိရန်ကုန်တက္ကသိုလ် ရာပြည့်နှစ်ကို ကြိုဆိုဂုဏ်ပြုအပ်ခြင်းလည်း ဖြစ်ပေသည်။ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ တိုက်စိုး၊ ဒဂုန်တာရာနှင့် မကြန်ကလောင်အမည်ရှိ နာမည်ကျော် အမိရန်ကုန်တက္ကသိုလ်ကျောင်းထွက်တို့အတွက် အမှတ်တရလည်း ပိုဖြစ်စေရန် သူတို့ဘဝနှင့် အမှတ်တရ စာတစ်ပုဒ်စီကို ဖော်ထုတ်ပြ၍ အမိရန်ကုန်တက္ကသိုလ် အား စာကန်တော့ပန်း ဆင်ပြခြင်းသည်ပင် မင်္ဂလာဖြစ်ရပ်ပါပဲ မဟုတ်လား (အမှတ်တရ စာတစ်ပုဒ်စီတွင်ပင် အမိရန်ကုန်တက္ကသိုလ်နှင့်သာ ဆက်စပ်ပတ်သက်ဖွယ် ဖြစ်သင့်ရမည်လေ)။

ထို့အပြင် စာကန်တော့ပန်းဆင်ပြသူ မိမိအဖို့ အမိရန်ကုန်တက္ကသိုလ်ထက် အမိဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ကျောင်းသားစစ်စစ် (၁၉၆၆ မှ ၁၉၇၅ အထိ ဆယ်နှစ်နီးပါးမျှ ရန်ကုန်တက္ကသိုလ်ဝင်းတွင် အ.ထ.က ကျောင်းသားဘဝနှင့် ရန်ကုန်တက္ကသိုလ်ကျောင်းသားအဖြစ် နေထိုင်ခဲ့သူ) ဖြစ်ခဲ့သည်နှင့်အညီ ဤစာအုပ်ကိုပင် ဂုဏ်ယူဝင့်ကြွားစွာ စီစဉ်ရွေးပြနိုင်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍လည်း မိမိ၏ ၂၀၁၇ ထုတ် **နှစ် ၁၀၀ ပြည့် အမိရန်ကုန်တက္ကသိုလ်သို့ ဂုဏ်ပြုရသစာစု** စာအုပ် (စာမျက်နှာ ၁၀၀၊ အုပ်ရေ ၁၀၅၀၊ မေတ္တာလက်ဆောင်) အဖြစ် **စာကန်တော့ပန်း ရှစ်ပွင့်** (ကဗျာ ၅ + ရသစာတမ်း ၁ + ဝတ္ထုတို ၁ + မဂ္ဂဇင်းဝတ္ထုရှည် ၁ + **ရန်ကုန်တက္ကသိုလ်ဖြစ်စဉ်များဆိုင်ရာ စာစု**) နှင့် အပြိုင် ဤစာအုပ်သည်လည်း

mgyoe.com

mgyoe.com



သမိုင်းဝင်၊ သမိုင်းတင်နိုင်လိမ့်မည် ထင်ပေသည်။

အတိုချုပ်အားဖြင့် အမိရန်ကုန်တက္ကသိုလ်၏ နှစ် ၁၀၀ (ရာပြည့်) နှစ်တွင် မိမိရေးစာများနှင့် မိမိရွေးစာများကို အမှတ်တရ ပေါင်းစပ်ပြီး မိမိ၏ ပုဂ္ဂလိက ကဏ္ဍလေးကိုပါ ဖြည့်ပြ၍ မိမိ ကြည်ညိုလေးစား စံထား အားကျဂုဏ်ယူရသော မိမိ၏ ဆရာ သမား၊ အမိရန်ကုန်တက္ကသိုလ်ထွက် စာရေးဆရာ နာမည်ကျော် များအနက် ဤစာကန်တော့ပန်းပါ ပုဂ္ဂိုလ်ကြီးများကိုလည်း ထူးခြားစွာ အမှတ်တရ ဂုဏ်ပြုပြလိုက်ခြင်းပင် ဖြစ်ပါသတည်း။

မြင့်ကြိုင်(အောင်မိုးဆောင်း)
(၁၉၆၈–၇၆ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ
တက္ကသိုလ်၏သိပ္ပံကျောင်းသားဟောင်း)
၂–၁၂–၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## သိပ္ပံမောင်ဝ၏
## ဘဝနှင့် စာပေ အမှတ်တရဖြစ်စဉ်များ

ခေတ်စမ်းစာရေးဆရာကြီး သိပ္ပံမောင်ဝ (ဦးစိန်တင်၊ ဘီအေ–မြန်မာစာဂုဏ်ထူးတန်း ပထမအဆင့်၊ အိုင်စီအက်စ်၊ အရေးပိုင်၊ အတွင်းဝန်)၏ စာစုစာရင်း ပြုစုခဲ့စဉ် (၁၉၇၃–၁၉၇၅) မှတစ်ဆင့် သိပ္ပံမောင်ဝ ရာပြည့်ကာလ (၁၉၉၈–၉၉) အထိ သိပ္ပံမောင်ဝ၏ စာစုအဖြစ် အောက်ဖော်ပြပါအတိုင်း စာရင်းပြုနိုင်ခဲ့ပါသည်။

| | |
|---|---|
| ၁။ လုံးချင်းစာအုပ်ပေါင်း | ၁၃ အုပ် |
| ၂။ မောင်လူအေး ဇာတ်ဆောင်ပါ ဝတ္ထုဆောင်းပါး (Sketch) များ | ၁၅၃ ပုဒ် |
| ၃။ မောင်လူအေး ဇာတ်ဆောင်အမည်မပါ ဝတ္ထုဆောင်းပါးများ | ၁၃ ပုဒ် |
| ၄။ ခရီးသွားဆောင်းပါးရှည်ပေါင်း | ၃ ပုဒ် |
| ၅။ စာပေဆောင်းပါးများ | ၁၀၆ ပုဒ် |
| ၆။ ပေးစာဆောင်းပါးများ | ၅၆ ပုဒ် |
| ၇။ ပြဇာတ်များ | ၂၅ ပုဒ် |
| ၈။ အထွေထွေရေးသားချက်စာများ | ၄၇ ပုဒ် |

စာရေးဆရာကြီး သိပ္ပံမောင်ဝတွင် ထူးခြားစရာအဖြစ် ကလောင်အမည်ကွဲပေါင်းမှာ စာစုစာရင်းပြုစုစဉ်က ၅၂ ခု၊ သိပ္ပံမောင်ဝ ရာပြည့်ကာလတွင် ၅၇ ခု ရှိခဲ့ရာမှ ယနေ့ယခုသော် ကလောင်အမည်ပေါင်း ၆၀ အထိ တိကျစွာသော သက်သေသာဓက စာအထောက်အထား (အထူး

mgyoe.com

mgyoe.com


သဖြင့် သိပ္ပံမောင်ဝ၏ ပုံနှိပ်မှု မဖြစ်သေးသော လက်ရေးစာမူ) များမှ လေ့လာ စူးစမ်းနိုင်မှုဟု ဆိုချင်ပါသည်။ မည်သို့ဖြစ်စေ သိပ္ပံမောင်ဝ စာစုများကို နှစ်ပေါင်းလေးဆယ့်ငါးနှစ်ကျော် (၁၉၇၃–၂၀၁၉) မျှ ထဲထဲဝင်ဝင် လေ့လာ စူးစမ်းချင်စိတ်သည် ယခုတော့ မှတ်ချက်ချနိုင်စရာတွေ တွေ့လာရပါပြီ။

သိပ္ပံမောင်ဝ၏စာစုတို့ကို လေ့လာစူးစမ်းရင်း သိပ္ပံမောင်ဝ၏ဘဝ နှင့် စာပေသဘောကိုပါ တွဲလျက် မြင်လာမိသဖြင့် မှတ်ချက်ချနိုင်စရာအထိ ဖြစ်လာမိပါသည်။ သိပ္ပံမောင်ဝ စာစတင်ရေး ပုံနှိပ်စာအသွင်အရ ၁၉၁၉ ခုနှစ်ကာလ ထိုခေတ်သတင်းစာ (သူရိယ၊ မြန်မာ့အလင်း)တွင် ဝဇီရာတင့် ကလောင်အမည် (ဝဇီရာဟူသည်မှာ စိန်ကို ဆိုလို၍ စိန်တင့်ဟု သူ၏ အမည်ကွဲကို ယူခြင်း)ဖြင့် ရေးသားခဲ့ခြင်း ဟူပါ၏။ သို့သော် သိပ္ပံမောင်ဝ ၏ ပထမဦးဆုံး ပုံနှိပ်စာ အထောက်အထားမှာ ၁၉၂၅၊ စက်တင်ဘာလ ထုတ် စာမူနှစ်ပုဒ် (အင်္ဂလိပ်စာမူ တစ်ပုဒ် + မြန်မာဘာသာစာမူ တစ်ပုဒ်) ကိုသာ မှတ်ယူထားရသဖြင့် သိပ္ပံမောင်ဝ၏ စာရေးသက်ကို ၁၉၂၅–၄၁ ဟုသာ မှတ်ရပါသည်။ သို့ဖြစ်၍ စာရေးသက် ၁၆ နှစ်အတွင်း စာရေးဆရာ သိပ္ပံမောင်ဝသည် စာမူပုဒ်ရေပေါင်း ၄၉၈ ပုဒ် ရေးထုတ်ခဲ့ပြီး သူ သက်ရှိ ထင်ရှားရှိစဉ်က လုံးချင်းစာအုပ် ၄ အုပ်ကို စီစဉ်ထုတ်ဝေနိုင်ခဲ့၍ စာအုပ် တစ်အုပ်ကို စီမံတည်းဖြတ်ပေးပြီး အခြားစာအုပ်နှစ်အုပ်တွင် သီးသန့် အမှာ စာနှစ်ပုဒ်ကို ရေးထုတ် ပုံနှိပ် ဖြန့်ချိဖြစ်ခဲ့ပါသည်။ ယနေ့ယခုသော် သူ့ သီးသန့်လုံးချင်း စာအုပ်ပေါင်းမှာ ၄၃ အုပ် ရှိလာပြီ ဖြစ်ပေသည်။

စာရေးဆရာကြီး သိပ္ပံမောင်ဝ၏ စာစုတို့ကို လေ့လာစူးစမ်းရင်း သူ စာရေးသက် ၁၆ နှစ်အတွင်း သူ့ဘဝ၊ သူ့စာပေ၊ ရေးစွမ်းနိုင်မှုကိုပါ မှတ်ချက် ချပြနိုင်စရာတို့လည်း ရှိလာပါသည်။ ဆိုလိုရင်းမှာ ဆရာ သိပ္ပံမောင်ဝသည် ၁၉၃၅ ခုနှစ်တွင် စာအများဆုံးရေးခဲ့၍ ၁၉၂၇ ခုနှစ်တွင်မူ စာတစ်ပုဒ်တည်း ကိုသာ ရေးပြုပုံနှိပ်မှု ရှိခဲ့ရ၍ ဖြစ်ပါသည်။ သိပ္ပံမောင်ဝ၏ ဘဝဖြစ်စဉ်၊ စာပေသမားဘဝကိုပါ သတိထား နှိုင်းယှဉ်လေ့လာပါက အခြားမှတ်ချက် များကိုပါ ရှာတွေ့နိုင်စရာများလည်း ရှိလာပါလိမ့်မည်ထင်သည်။ ဥပမာ ပထမဦးဆုံး ရေးစာများကို ၁၉၁၉ ခုနှစ် (ဝဇီရာတင့် ကလောင် အစပြုရာ) ကုန်အထိ လုံးဝ(လုံးဝ) ရှာဖွေ၍ မတွေ့၊ ပုံနှိပ်မှု အထောက် အထားများ

mgyoe.com

mgyoe.com


လည်း လုံးဝမရှိခဲ့လေရော့သလား။ (ရှားပါး မြန်မာစာနယ်ဇင်းတွေလည်း အပါအဝင် သိပ္ပံမောင်ဝကိုယ်တိုင် စာမရေးနိုင်သော ၁၉၂၁ နေရှင်နယ် အမျိုးသားကျောင်းဆရာလေးဘဝ၊ ၁၉၂၄ အိုင်အေဆုရ သာဒိုးအောင်ဆု တံဆိပ်ရနှင့် စာကြိုးစားပါသော တက္ကသိုလ်ကျောင်းသားဘဝ မဟုတ်လား။ စကားချပ်)

၁၉၂၅–၁၉၂၇ ဘွဲ့ရ (ဘီအေ၊ ပထမတန်းဂုဏ်ထူး) ကာလတွင် စာတစ်ပုဒ်စ၊ နှစ်ပုဒ်စ စတင်ရေးချပါလေပြီ။ အထူးသဖြင့် ကောလိပ်မဂ္ဂဇင်း၊ ကဝိမျက်မှန် မဂ္ဂဇင်းတို့မှသည် အင်္ဂလန်ပြည် အောက်စဖို့ဒ်တက္ကသိုလ်မှ နေ၍ ရန်ကုန် သူရိယသတင်းစာသို့ စာပေအကြောင်း ဆောင်းပါးပုဒ်ရေ ၇၀ မျှ ရေးပို့ဖော်ပြခဲ့ခြင်း အထောက်အထားတို့သည် ၁၉၂၇–၁၉၂၉ အတွင်း သိပ္ပံမောင်ဝ စာရေးခြင်း သက်သေတွေပင် မဟုတ်လော။ မှတ်မှတ်ရရအား ဖြင့် စာအရေးနိုင်ဆုံး၊ ပုဒ်ရေအများဆုံးကာလမှာ ၁၉၃၄–၃၅ နှစ်များဟု ဆိုရပါမည်။ အထူးသဖြင့် ၁၉၃၅ ခုနှစ်၊ အောက်တိုဘာလတွင် စာမူ ပုဒ်ရေ ပေါင်း ၁၆ ပုဒ် ရေးထုတ် သက်သေရှိထားခဲ့၍ အံ့ဖွယ်အတိ စာရေးဆရာတဲ့ လား။ အထူးသဖြင့် ကြီးပွားရေးမဂ္ဂဇင်း၊ အတွဲ ၄၊ အမှတ် ၁ (၁၉၃၅၊ အောက်တိုဘာလထုတ်)တွင် ကလောင်ကွဲ (ခွဲ) ၁၃ ခုဖြင့် စာမူ ၁၃ ပုဒ်ကို သက်သေပြနိုင်စရာအထိ ရေးခဲ့သည်။ သက်သေမပြနိုင်စရာ လျှို့ကလောင် ကွဲ သုံးလေးခုပင် ရှိသော်ငြားလည်း သက်သေမရှိသေး၍ ကလောင်အမည် အရ သိပ္ပံမောင်ဝ ရေးစာဖြစ်ကြောင်းတော့ သိထားခဲ့ဖူးပါသည်။ တကယ်မူ ၁၉၃၅၊ အောက်တိုဘာ၊ နိုဝင်ဘာ နှစ်လသည်ကား ဂန္ထလောကမဂ္ဂဇင်း၏ အကျိုးဆောင်အယ်ဒီတာဘဝဖြစ်၍ ခေတ်စမ်းပုံပြင်စာအုပ် ပထမတွဲနှင့် အောက်စဖို့ဒ်တက္ကသိုလ်စာအုပ် ပထမအကြိမ်ထုတ် ဝေဖြန့်ချိနိုင်ခြင်းသာမက ထိုစဉ်က မြန်မာ့နေ့စဉ်သတင်းစာ၏ ခေတ်စမ်းစာပေတိုက်ပွဲတွင် ကလောင် ကွဲများဖြင့် ဦးဆောင်ရေးသား ပါဝင်လှုပ်ရှားနေချိန်ပင် မဟုတ်လား။

၁၉၃၄ ခုနှစ်တွင် သိပ္ပံမောင်ဝသည် စာမူပုဒ်ရေ ၄၀၊ ၁၉၃၅ စာမူ ပုဒ်ရေ ၇၂ ပုဒ်၊ ၁၉၃၆ ခုနှစ်တွင် စာမူပုဒ်ရေ ၅၀ မျှ ရေးထုတ်ဖြစ်ခဲ့ပါ ကြောင်း သက်သေကောင်းရှိနေပါချေပြီ။

မည်သို့ဖြစ်စေ ဇွန်လတွင် မွေး (၅–၆–၁၈၉၉ တနင်္လာနေ့) ဇွန်လ

mgyoe.com

mgyoe.com


တွင် ကွယ်လွန် (၆–၆–၁၉၄၂ စနေနေ့) ခဲ့ပါသော စာရေးဆရာ သိပ္ပံမောင်ဝသည် ကွယ်လွန်သည့်တိုင် စာရေးသွားနိုင်ခဲ့သူဟု မှတ်ဖွယ်အထောက်အထားကောင်းမှာ သူ၏နာမည်ကျော် 'စစ်အတွင်း နေ့စဉ်မှတ်တမ်း'ပါတည်း။ ၅–၁–၁၉၄၂ မှ ၅–၆–၁၉၄၂ အထိ ရေးသားမှတ်တမ်းတင်ထားခဲ့သော မြန်မာအရာရှိကြီးတစ်ဦး၏ သမိုင်းဝင်မှတ်တမ်းကို ၁၉၆၆ (ပုဂံစာအုပ်တိုက်ထုတ်)တွင် ပထမအကြိမ်၊ မြနန္ဒာစာအုပ်တိုက်သည် ၂၀၀၂ ခုနှစ်၌ ဒုတိယအကြိမ်၊ ၂၀၁၀ ခုနှစ်၌ (စိတ်ကူးချိုချို စာအုပ်တိုက်ထုတ်) အဖြစ် ဒုတိယအကြိမ် ရိုက်ပြထားသော်လည်း အမှန်မှာ တတိယအကြိမ် (သုံးကြိမ်)အဖြစ် ပုံနှိပ်ထုတ်ဝေသည်။ ထို့အပြင် အင်္ဂလိပ်ဘာသာဖြင့်ပင် အမေရိကန်ဒေါ်လာ ၂၄ နှုန်းဖြင့် ဘာသာပြန်ပုံနှိပ်ထုတ်ဝေ ရောင်းချထားခဲ့သေးသည်။ အဓိက ရေးပြလိုခြင်းကား စာရေးဆရာ သိပ္ပံမောင်ဝသည် ၁၉၄၂ နှစ်အထိ ကလောင်အစွမ်းပြနိုင်ခဲ့သူ မဟုတ်လား။

စာရေးဆရာကြီး သိပ္ပံမောင်ဝ (ဦးစိန်တင်)၏ ဘဝဖြစ်စဉ်များတွင် အကြောင်းအချက် လွဲမှားစွာ ရေးသားဖော်ပြ ပုံနှိပ်ထုတ်ဝေထားခဲ့သော စာများနှင့်ပတ်သက်၍ နောက်ထပ်တွေ့ရှိလာသည့် အနေအထားများဖြင့် အောက်ပါအတိုင်း ပြင်ဆင်ဖြည့်စွက်ရင်း ဤသိပ္ပံမောင်ဝ စာဆောင်းပါးကို တစ်ဆက်တည်း တင်ပြဖော်ညွှန်းအပ်ပါသည်။ (ရုပ်ရှင်တေးကဗျာ၊ ၂၀၁၃ ဇူလိုင်လထုတ် ဆောင်းပါးကို ပြင်ဆင်ဖြည့်စွက်ထားပါသည်။)

(က) ဘဝဖြစ်စဉ်အမှတ်တရများ

၁၈၉၉ – မော်လမြိုင်မြို့၊ မုပ္ပန် နတ်ကျွန်းရပ်နေ ဖူးကားကုမ္ပဏီ စာရေးကြီး ဦးအုန်းရွှေ၊ ဒေါ်သစ် တို့မှ ဇွန်လ ၅ ရက် (တနင်္လာနေ့) တွင် မွေးဖွား။ သားသုံးယောက်အနက် ဒုတိယမြောက်သား (အလတ်)။ ငယ်နာမည် မောင်စိန်တင့်။

၁၉၀၅ (ခန့်) ၁၉၁၉ – မုပ္ပန်ရပ်၊ ဆရာဦးချစ်လှကျောင်းတွင် ကျောင်းစတင်နေ။ ထို့နောက် မောင်ငံရပ်ရှိ စိန့်ဩဂတ်စတင်းအက်စ်ပီဂျီ (St. Augustine's Society for the Propagation of the Gospel) သာသနာပြုကျောင်းသို့ ပြောင်းရွှေ့

mgyoe.com

mgyoe.com


ၡ သတ္တမတန်း အောင်သည်အထိ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် သင်ယူ။

– အဋ္ဌမတန်းသို့ ရောက်သောအခါ မော်လမြိုင်မြို့ရှိ ရှင်မဟာဗုဒ္ဓဃောသကျောင်း (ယခု အ.ထ.က ၉) သို့ ပြောင်းရွှေ့ပညာသင်။

၁၉၂၀ – ဒသမတန်း (ဆယ်တန်း) စာမေးပွဲကို မြန်မာဘာသာနှင့် ပါဠိဘာသာတို့၌ အထူးအမှတ် (ဂုဏ်ထူး)ဖြင့် အောင်မြင်ခဲ့။ ထို့နောက် ရန်ကုန်ကောလိပ်သိပ္ပံ၏ မောင်မယ်သစ်လွင်ကျောင်းသားဘဝ၊ ဥပစာ သိပ္ပံအောက်တန်းကျောင်းသား (အိုင်အက်စ်စီ ဂျူနီယာ)။ ပထမကျောင်းသားအရေးတော်ပုံ ပေါ်ပေါက်။

၁၉၂၀–၂၃ – ဗဟန်းကြားတောရနှင့် သရက်တောကျောင်းတိုက်တို့ရှိ ဗဟိုနေရှင်နယ် အမျိုးသားကျောင်းတို့၌ ကျောင်းဆရာအဖြစ် လုပ်ကိုင်ခဲ့သေး။

၁၉၂၃ – သပိတ်လှန်ပြီးသောအခါ ကောလိပ်သိပ္ပံကျောင်းတွင် ဥပစာ ဝိဇ္ဇာအောက်တန်းကျောင်းသား (အိုင်အေဂျူနီယာ)အဖြစ် ပညာသင် ကြားခဲ့။

၁၉၂၄–၂၅ – ပြည်ကျောင်းဆောင်၊ အခန်း အမှတ် ၂၂၊ ကျောင်းသားဘဝကာလများ...။

– အိုင်အေ အထက်တန်းစာမေးပွဲကို မြန်မာဘာသာအတွက် ပထမဆုရသူတို့ကို ချီးမြှင့်သည့် **သာဒိုးအောင်ဆုတံဆိပ်** နှင့် ပါဠိဘာသာ ပထမရသူအား ချီးမြှင့်သည့် ကောလိပ် **ပါဠိဆုတံဆိပ်** တို့ကို ထူးချွန်စွာ အောင်မြင်၍ ရရှိခဲ့။

– ထို့အပြင် ကျောင်းအုပ်ကြီး၏ တစ်လ ၂၀ ကျပ်နှင့် နှစ်နှစ်ချီးမြှင့်သည့် ဆုငွေလည်း ရရှိ။ နှစ်နှစ်စေ့သောအခါ နောက်ထပ် တစ်လ ၂၅ ကျပ် ဖြင့် အစိုးရ၏ ထောက်ပံ့ငွေပါ ရရှိခဲ့သေး။

၁၉၂၆ – ရန်ကုန်တက္ကသိုလ်ကောလိပ်၏ ခြင်းလုံးလက်ရွေးစင်

mgyoe.com

mgyoe.com


(တကောင်းကျောင်းဆောင်၊ အခန်းအမှတ် ၁၃၇၊ နေ့ကျောင်းသားဘဝ) ၆ ဦးအနက် အမှတ်စဉ်နံပါတ်တစ် [မောင်စိန်တင်၊ မောင်ဘသိန်း၊ ဦး ကိုကြီး၊ မောင်လှခင်၊ မောင်ကလေး၊ မောင်ဘို၊ နည်းပြဆရာ ဦးကြင်။ အမှတ်စဉ်နံပါတ် ၆၊ မောင်ဘို (မောင်ဗိုလ်)မှာ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် အငြိမ်းစားဖြစ်သူ ဦးလူနီ၏ဖခင်ဖြစ်ကြောင်း သိမှတ်ရသည်]။

၁၉၂၇ – ဘီအေစာမေးပွဲတွင် မြန်မာဘာသာ၌ ပထမတန်းဂုဏ်ထူးဖြင့် အောင်မြင်၍ ဒယ်လီဂျမ်ရှယ်ဂျီနယ် (The Dally Jamshedji Chinai Silver Medal) ဆုတံဆိပ် ချီးမြှင့်ခြင်းခံရပြန်။ ထို့နောက် ပါမောက္ခ ဦးဖေမောင်တင်၏ ကြိုးပမ်းချက်ဖြင့် မြန်မာစာဂုဏ်ထူးတန်းသို့ ထိုနှစ်၏ တစ်ဦးတည်းသော စာသင်သားအဖြစ် စာသင်ကြားရင်း ပထမတန်းကို ပထမအဆင့်ဖြင့် အောင်မြင်။ ထို့နောက် ယူနီဗာစီတီကောလိပ် သိပ္ပံကျောင်း၌ပင် မြန်မာဘာသာဘက်ဆိုင်ရာ ဆရာ (ကျူတာ)အဖြစ် စာသင်ပြရင်း အမ်အေတန်းကို ဆက်လက်တက်။

၁၉၂၇–၂၉ – ကျူတာဘဝဖြင့် ငါးလအကြာ(၂၂–၈–၁၉၂၇၊ တနင်္လာနေ့)တွင် ရန်ကုန်ဆိပ်ကမ်းမှ အင်္ဂလန်သို့ စစ်ကိုင်းသင်္ဘောဖြင့် စတင်ခရီး ထွက်ခွာ။ အိန္ဒိယဝန်ထမ်း အိုင်စီအက်စ်ရာထူးအတွက် အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ် ခရိုက်ချက်ချ် (Christ Church) ကောလိပ် တွင် ပညာသင်ကြားခွင့် ရရှိ။

၁၉၂၉ – အင်္ဂလန်မှ မြန်မာနိုင်ငံ (ရန်ကုန်မြို့) သို့ ၃–၁၂–၁၉၂၉တွင် ပြန်လည်ရောက်ရှိ။ ၅–၁၂–၁၉၂၉ တွင် မွေးရပ်မြေ မော်လမြိုင်မြို့သို့ ခွင့် ၆ ရက်ရ၍ ခေတ္တပြန်။

– ၉–၁၂–၁၉၂၉ (တနင်္လာနေ့)တွင် စစ်ကိုင်း၌ အိုင်စီအက်စ်ဝန်ထမ်းဘဝ (အလုပ်သင်)အဖြစ် စတင်အမှုထမ်း။ လစာ ၄၅၀ ကျပ် စတင်လက်ခံ ရရှိခြင်း။

mgyoe.com

mgyoe.com


၁၉၃၀ – မော်လမြိုင်၊ ဒိုင်ဝန်းကွင်း၊ အမှတ် ၁၀၈၊ ဆိဆုံရပ်နေ ပညာဝန်ထောက် ဦးချစ်စု၊ ဒေါ်သိန်းရင်တို့၏ ဒုတိယသမီး မလှသန်းနှင့် ၁–၁၂–၁၉၃၀ (တနင်္လာနေ့)တွင် အိမ်ထောင်ပြု။ ၉ လလောက်သာ ပေါင်းသင်းရပြီး မလှသန်း ကျန်းမာရေးမကောင်းသဖြင့် ကွယ်လွန်သွားခဲ့။

၁၉၃၂ – ကျိုက်လတ်မြို့နေ ဆန်စက်ပိုင်ရှင် ဦးစိုးကြီး၊ ဒေါ်ချစ်တို့၏ သမီး မခင်မြင့် (ခင်ခင်မြင့် ခေါ် ဒေါ်ခင်သန်းမြင့်)နှင့် ၁၅–၅–၁၉၃၂(တနင်္ဂနွေနေ့)တွင် အိမ်ထောင်ပြု။ သား တင်မောင်မြင့် (မောင်မွေး ခေါ် မောင်လူမွေး)၊ သမီး တင်မေမြင့်၊ တင်ဆွေမြင့်တို့ ထွန်းကား။ [ဒေါ်ခင် ခင်မြင့်သည် ၂၇–၉–၁၉၉၁ နေ့ အသက် ၇၇ နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့။ သမီးငယ် ဒေါ်တင်ဆွေမြင့် (မယ်ကေး)သည် အသက် ၇၂ နှစ်အရွယ်၊ ၂၄–၉–၂၀၁၂) တွင် ကွယ်လွန်ခဲ့]။

၁၉၂၉–၄၂ – နိုင်ငံတော်ဝန်ထမ်း (အစိုးရလခစားဘဝ) အဖြစ် မြို့အုပ်၊ နယ်ပိုင်ဝန်ထောက်၊ အရေးပိုင်၊ ဒုတိယအတွင်းဝန် စသည့် ရာထူး ဌာနဌာနရအမျိုးမျိုးဖြင့် စစ်ကိုင်း၊ မိတ္ထီလာ၊ မင်းဘူး၊ ဟင်္သာတ၊ ဇလွန်၊ မြောင်းမြ၊ ညောင်တုန်း၊ ရန်ကုန်(အင်းစိန်)၊ စလင်း၊ ကျောက်ဆည်၊ ရွှေဘို၊ မန္တလေး ပေါင်း ၁၂ မြို့တို့၌ အမှုထမ်းခဲ့။

– ၁၉၄၂ ခုနှစ်၊ ဇွန်လ ၆ ရက်၊ စနေနေ့၌ ရွှေဘိုခရိုင်၊ ကန့်ဘလူ အရှေ့ဘက် ဆယ်မိုင်ခန့်အကွာရှိ ဂါးထာရွာ ဗိုလ်တဲ၌ ဓားပြ လူဆိုးတို့၏ အထင်မှားလက်လွန်မှုကြောင့် ကွယ်လွန်ခဲ့ရ။

(အတွေးအမြင်၊ အမှတ် ၈၀၊ ဇွန်–ဇူလိုင်၊ ၁၉၉၂ မှ ဆောင်းပါးကို ပြန်လည် ပြင်ဆင်ပြီး ဖြည့်စွက်ရေးပါသည်။)

## (ခ) စာပေသမား အမှတ်တရဖြစ်စဉ်များ

၁၉၁၉ – ဆယ်တန်းမအောင်မီ ကျောင်းသားဘဝကတည်းက 'ဝဇိရာ တင့်' ဟူသော ကလောင်အမည်ဖြင့် သတင်းစာများတွင်

mgyoe.com

mgyoe.com


စာရေးပို့ခဲ့။

၁၉၂၅ – သူ၏အစောဆုံးဖြစ်မည်ထင်သော အိပ်စ် (X) အမှတ်အသားပါကလောင်အမည်ဖြင့် အင်္ဂလိပ်ဘာသာ ဆောင်းပါးစာတို့ကို ယူနီဗာစီတီကောလိပ်မဂ္ဂဇင်း၌ တွေ့ရှိရ။

၁၉၂၆–၂၇ – ခေတ်စမ်းသမားမဖြစ်မီ 'မောင်စိန်တင်' ဟူသော အမည်ရင်းဖြင့် ယူနီဗာစီတီကောလိပ်မဂ္ဂဇင်း၊ ကဝိမျက်မှန် မဂ္ဂဇင်းတို့တွင် ဆောင်းပါးများ ရေးသားခဲ့။

၁၉၂၇–၂၉ – အင်္ဂလန်ပြည် အောက်စဖို့ဒ်တက္ကသိုလ်မှနေ၍ 'သိပ္ပံ ကျောင်းသား မောင်မြသွင်' ကလောင်အမည်ဖြင့် ရန်ကုန် သူရိယနေ့စဉ်သတင်းစာသို့ မြန်မာစာပေအကြောင်း ဆောင်းပါးများပုဒ်ရေ ၇၀ ကျော်မျှ ရေးပို့ခဲ့။

၁၉၃၃ – ခေတ်စမ်းစာပေကျမ်းစဉ်အဖြစ်ဖြင့် ဂန္ထလောကမဂ္ဂဇင်းတွင် အခန်းဆက်ဝတ္ထုအသွင် ရေးသားလာခဲ့သော 'လှအုံးမယ်' ဝတ္ထုကို လုံးချင်းအဖြစ် ထုတ်ဝေခဲ့။ 'လှအုံးမယ်' ဝတ္ထုသည် သိပ္ပံမောင်ဝ တစ်အုပ်တည်းသော မြန်မာမှုပြု ဝတ္ထု။

၁၉၃၃–၃၈ – 'ပုဂံဆောင်းပါးပေးစာများ' အမည်ရှိ ဆောင်းပါးကို ၁၉၃၃၊ ဇွန်လမှ စတင်၍ သူရိယရုပ်စုံသတင်းနှင့် သူရိယသတင်းစာ တို့တွင်လည်းကောင်း၊ 'မောင်သံချောင်း၏ပေးစာများ' ကို ၁၉၃၄ ခုနှစ်၊ အောက်တိုဘာလထုတ် ကြီးပွားရေးမဂ္ဂဇင်းမှ နေ၍လည်းကောင်း၊ ၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလမှ စတင်၍ သောင်းပြောင်းထွေလာ ပေးစာများအဖြစ် ဂန္ထလောကမဂ္ဂဇင်း၌လည်းကောင်း ပေးစာပုံစံများဖြင့် ဆောင်းပါးများရေးပို့ခဲ့။ ခရီးသွားမှတ်တမ်း ဆောင်းပါးအဖြစ်လည်း စေတုတ္တရာ၊ ရဲရမန်း၊ အောက်စဖို့ဒ်တက္ကသိုလ်မှတ်တမ်းစသော အကြောင်းရပ်တို့ကို ဂန္ထလောကမဂ္ဂဇင်း၌ ရေးသားခဲ့။

၁၉၃၄ – တင်တင့်အမည်ဖြင့် ပထမဦးဆုံး ရေးသားခဲ့သော 'ငို့ဘ' ပြဇာတ်စာမူကို ဖေဖော်ဝါရီလထုတ် ကြီးပွားရေးမဂ္ဂဇင်းထဲ

mgyoe.com

mgyoe.com


တွင် တွေ့ရှိရ။ တစ်ပုဒ်တည်းသော လေးလုံးစပ်ကဗျာဟု ခေါ်ဆိုရမည့် သိပ္ပံမောင်ဝ၏ ရေးခဲ တွေ့ခဲလှသော 'သကြ်န်လက်ဆောင်' လင်္ကာတစ်ပုဒ်ကို မေလထုတ် ဂန္ထလောက မဂ္ဂဇင်း၌ တွေ့ရှိရ။ မြန်မာနိုင်ငံသုတေသနအသင်းအတွက် ကျမ်းစဉ် ၃၅ အဖြစ် ပုံနှိပ်ထုတ်ဝေသော ရွှေတောင်သီဟသူ၏ 'ရတနာ့ကြေးမုံ' ဝတ္ထုကို တည်းဖြတ် နိဒါန်းရေးသားခဲ့။

၁၉၃၅ – ခေတ်စမ်းစာပေကျမ်းစဉ် ၂ အဖြစ်ဖြင့် ဦးဖေမောင်တင် တည်းဖြတ်အုပ်ချုပ် ထုတ်ဝေခဲ့သော 'ခေတ်စမ်းပုံပြင် ပထမတွဲ' စာအုပ်၌ သိပ္ပံမောင်ဝ၏ စာမူ ၁၁ ပုဒ်ပါရှိခဲ့။ ကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်းခြင်းခံခဲ့ရသော သူ၏နာမည်ကျော် 'အောက်စဖို့ဒ်တက္ကသိုလ် ခရီးသွားမှတ်တမ်း' ကို ပထမအကြိမ်အဖြစ် ထုတ်ဝေနိုင်ခဲ့။ ခေတ်စမ်းစာပေတိုက်ပွဲဟု ခေါ်ဆိုရမည့် ရသေ့ဦးစိန္တာတို့နှင့် တိုက်ပွဲတွင် မြန်မာ့နေ့စဉ် သတင်းစာ၏ ကလောင်အမည်ကွဲ ၅ ခုဖြင့် ဦးဆောင် တိုက်ပွဲဝင်ခဲ့။

အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ဂန္ထလောကမဂ္ဂဇင်း၏ အကျိုးဆောင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့။

အောက်တိုဘာလထုတ် ကြီးပွားရေးမဂ္ဂဇင်း၏ နှစ်လည်အထူး (အတွဲ ၄၊ အမှတ် ၁) တွင် ကလောင်အမည်ကွဲ အမျိုးမျိုးဖြင့် စာမူပေါင်း ၁၆ ပုဒ်ကို တစ်ဦးတည်း ဒိုင်ခံရေးသားခဲ့။

၁၉၃၈ – သူ၏သား ဦးတင်မောင်မြင့် (မောင်လူမွှေး)ကို အကြောင်းပြု၍ ခေတ်စမ်းစာပေကျမ်းစဉ် ၅ အဖြစ်ဖြင့် သူတစ်ယောက်တည်း၏ စာမူ ၃၁ ပုဒ်ကို 'ခေတ်စမ်းပုံပြင်' ဒုတိယတွဲ အသွင်ဖြင့် ထုတ်ဝေခဲ့။

၁၉၃၉ – သတင်းစာနှင့် ပြန်ကြားရေးလုပ်ငန်းများ ဆည်းပူးရန် အစိုးရပညာတော်သင်အဖြစ် အင်္ဂလန်သို့ စာရေးဆရာ ညိုမြ သွားခါနီးတွင် ထုတ်ဝေသော 'အနောက်သွားညိုမြ

mgyoe.com

mgyoe.com


နှုတ်ဆက်စာတမ်းငယ်' စာအုပ်တွင် 'ညိုမြ' စာအမည်ရှိ ဆောင်းပါးကို ရေးသားပေးပို့ခဲ့။ ထို့အပြင် သိပ္ပံမောင်ဝ သည် ညိုမြ အမည်ရှိ စာအုပ်ငယ်တွင် (ညိုမြ၏ အင်္ဂလိပ်– မြန်မာ ဝတ္ထုဆောင်းပါးများကို စုစည်းထုတ်ဝေထားသည်) ၁–၈–၃၉ ရက်စွဲဖြင့် မြန်မာဏ္ဍာဌ် နိဒါန်းရေးသားခဲ့။

၁၉၃၉–၄၂ – ၁၉၄၂ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့ မကွယ်လွန်မီကာလအထိ 'စစ်အတွင်းနေ့စဉ်မှတ်တမ်း'ကို ရေးလျက်တန်းလန်း အခြေ အနေမျိုးတွင် ကွယ်လွန်ခဲ့ရ။

ချယ်ရီမဂ္ဂဇင်း၊ အမှတ် ၇၈၊ ဇွန်၊ ၁၉၉၂

**အထူးမှတ်ချက်**

သိပ္ပံမောင်ဝ ရေးသားခဲ့သော စာများကို သီးသန့်လုံးချင်းစာအုပ်များအဖြစ် ပုံနှိပ်ထုတ်ဝေခဲ့ရာ ယနေ့အထိ သက်သေရှိနှင့်ပြီး စာအုပ်ပေါင်းမှာ ၄၃ အုပ်တိတိ ရှိခဲ့ပြီး ဖြစ်ပေသည်။

[မြင့်ကြိုင်(အောင်မိုးဆောင်း) – ရေးသားပြုစုသူ –
နှစ် ၁၂၀ ပြည့် သိပ္ပံမောင်ဝနှင့် သူ၏စာစု၊
စာပေခရီးသွားများစာအုပ်တိုက်၊ ၂၀၁၉၊ ဩဂုတ်လ
ထုတ်စာအုပ်မှ ဆောင်းပါးကို အနည်းငယ် ပြင်ဆင်ဖြည့်စွက်ထားပါသည်။]

မြင့်ကြိုင်
၁၆–၁၂–၂၀၁၉

* * *

mgyoe.com

mgyoe.com

## ၁၉၂၀

မောင်လူအေး တက္ကသိုလ်ကျောင်းသို့ ရောက်သောနှစ်ကား ၁၉၂၀ ပြည့်နှစ် ဖြစ်၏။ ထိုအခါက တက္ကသိုလ်ကျောင်းတိုက်ဟူ၍ မခေါ်သေး။ ရန်ကုန်ကောလိပ်ကျောင်း ဟူ၍သာ ခေါ်လေသည်။ ထိုကောလိပ်ကျောင်းကား အခြားမဟုတ်။ ရန်ကုန်ဆေးရုံကြီးနှင့် မျက်နှာချင်းဆိုင်၊ ယခုအခါ ရန်ကုန်ဟိုက်စကူးကျောင်းပင်တည်း။ နှစ်ကြီးသမား ကျောင်းအိပ်ကျောင်းစားတို့သာ ထိုကျောင်း အပေါ်ထပ်တွင် နေထိုင်ကြရ၏။ ပထမနှင့် ဒုတိယနှစ်သမားတို့ကား ဂျူဗင်ဟော ပတ်ဝန်းကျင်ရှိ အိမ်များတွင် နေထိုင်ကြရလေသည်။ ထိုအခါက ကျောင်းများတွင် နေထိုင်ကြရလေသည်။ ထိုအခါက ကျောင်းသား စုစုပေါင်း ခြောက်ရာခန့်မျှ ရှိပေလိမ့်မည်။

မောင်လူအေး ကောလိပ်ကျောင်း ရောက်စက နေရသော အိမ်ကား ဦးဝိစာရလမ်းနှင့် ဆင်မဆင်လမ်းထောင့်တွင် တည်ရှိသော ကုလားကျောင်းနှင့်ကပ်လျက် အိမ်ကလေးဖြစ်လေသည်။ ဆင်မဆင်လမ်းဘက်သို့ မျက်နှာပြုထား၏။ ထိုအိမ်ကလေးမှာ ယခုတိုင် ရှိသေးသည်။ အိမ်နံပါတ်ကား ၉ ဖြစ်၏။ ယခု ကုလားကျောင်းကြီး နေရာတွင်လည်း အိမ်တစ်ဆောင် ရှိ၏။ ထိုအိမ်တွင်လည်း ကောလိပ်ကျောင်းသားများ နေထိုင်ကြလေသည်။

မောင်လူအေးတို့ ကောလိပ်ကျောင်းသို့ ရောက်သောနှစ်တွင် လောကဓာတ်ဘက်ဆိုင်ရာ ဘာသာရပ်များကို ယူသူတို့ အတော်အတန်

mgyoe.com

mgyoe.com


ပေါ်များလေသည်။ ကျောင်းသို့ ဝင်လျှင်ဝင်ချင်း မောင်လူအေးတွင် အခက် အခဲနှင့် တွေ့ရသည်ကား အိုင်အေဘက်ဆိုင်ရာ ပညာရပ်များကို ယူရမည် လော၊ အိုင်အက်စ်စီဘက်ဆိုင်ရာ ပညာရပ်များကို ယူရမည်လောဟူသော အခက်အခဲပင် ဖြစ်၏။ မိမိကိုယ်တိုင်က အိုင်အေ ဘက်ဆိုင်ရာ ပညာရပ် များကို နှစ်သက်၏။ သို့သော် မိတ်ဆွေအားလုံးက အိုင်အက်စ်စီ ယူကြ သောကြောင့် သူတို့နှင့် ရောနှောကာ များရာဘက်သို့ ပါသွားလေသည်။ အတန်းတက်သောအခါ ကိုယ်မနှစ်သက်သော ဘာသာရပ်များကို ယူမိ သောကြောင့် စိတ်ပါလက်ပါမရှိ။ ထိုဘာသာရပ်များသည် ခက်သည်ဟူ၍ သာ ထင်မှတ်၍ နေလေသည်။ စာကိုလည်း ကြိုးစားလေ့မရှိ။ စာကျက် ချိန်များတွင် တစ်အိမ်တည်းနေ မိတ်ဆွေများနှင့်သာလျှင် စကားကောင်း ရင်းနှင့် အချိန်ကုန်လွန်ခဲ့၏။ ဘာသာရပ်များကို အယူမှားလျှင် အခက်ကြုံ တတ်လေသည်။ မောင်လူအေးကဲ့သို့ ဘာသာရပ်များကို အယူမှားသူတို့ ယခုခေတ်တွင်လည်း ရှိမည်သာတည်း။ တက္ကသိုလ်သို့ ရောက်လာလျှင် မိမိ သင်ကြားမည့်ဘာသာရပ်များကို ရွေးရာတွင် များစွာ သတိထားသင့် ကြပေသည်။ မနက်စာနှင့် ညစာများကို ကျောင်းအိပ်ကျောင်းစားတိုင်း ကောလိပ်ကျောင်းဝင်းအတွင်းရှိ ထမင်းစားခန်းကြီးတွင် သွားရောက်၍ စားသောက်ကြရလေသည်။ ညစာစားသောက်ပြီးလျှင် နေအိမ်များသို့ မပြန်ကြသေးဘဲ ညဈေးတန်း လျှောက်ကြသေး၏။ ရုပ်ရှင်ရုံများရှေ့ သွား ကာ ပတာနီ၊ မြေပဲ စသည်တို့ကို ဝယ်စားရင်း ရုပ်ရှင်လာသူ အပျိုဖြူ တို့ကို ပိုးကြသေး၏။ သူ့လူစုနှင့်သူ တပျော်တပါးကြီး ဖြစ်လေသည်။ ယခု စကော့မတ်ကက်ဈေးသစ်ကြီး၏နေရာတွင် ထိုအခါက စိနီမား ဒီပဲရစ် ခေါ် ရုပ်ရှင်ရုံနှင့် အခြားရုပ်ရှင်ရုံတစ်ခု ရှိလေသည်။ ည ၇ နာရီခွဲ ၈ နာရီ တွင် ထိုရုပ်ရှင်ရုံများရှေ့တွင် ကောလိပ်ကျောင်းသားများ ပြည့်လျက်နေ လေသည်။ စာကျက်ခေါင်းလောင်းတီးချိန်နီးမှ ကိုယ့်လူစုနှင့်ကိုယ် စကား တပြောပြောနှင့် ပြန်လာကြကုန်၏။ ဤကား ကောလိပ်ကျောင်းသားတို့၏ ညစဉ်အလုပ် ဖြစ်လေသည်။

ထိုခေတ် ကျောင်းသားတို့၏ အရေးကြီးသော အလုပ်တစ်ခုကား စနေ၊ တနင်္ဂနွေနေ့တိုင်း ရွှေတိဂုံဘုရားသို့ သုံးယောက်တစ်တွဲ၊ လေးယောက်

mgyoe.com

mgyoe.com


တစ်တွဲ သွားခြင်းဖြစ်၏။ ဘုရားကြည်ညို၍ သွားသူနည်း၏။ ပန်းသည်များကို ပိုးရန် သွားသူတို့က များလေသည်။ ပန်းသည် အပျိုလေးများမှာလည်း သူ့ထက်ငါ ကြော့အောင် ဖြီးလိမ်းထားကြလေသည်။ ကျောင်းသားမောင်မောင်တို့မှာ ဘုရားမှ ဆင်းလာကြသောအခါ မိမိတို့ မျက်စိကျနေသော ပန်းသည်တို့၏ ဆိုင်တွင် ထိုင်ကာ စကားပြောရင်း ချိတ်၍ နေကြကုန်၏။ နာရီဝက် တစ်နာရီမျှ ကြာလေသည်။ ထိုသူတို့အနက် အကယ်ပင် စွဲနေသူတို့လည်း ရှိ၏။ အချို့မှာလည်း ပျော်ရုံ၊ နောက်ရုံ သွားကြလေသည်။ ဘုရားမှ ပြန်လာသောအခါ ကျောင်းဆောင်အသီးသီးတွင် ပန်းသည်ဋ္ဌိကာဖွင့်ကာ တဝါးဝါးနှင့် နေကြကုန်၏။ တက္ကသိုလ်ကျောင်းကို အင်းလျားသို့ ပြောင်းသွားသောအခါမှစ၍ ပန်းသည်များခေတ် တိမ်၍ လာလေသည်။ ဤသို့ ခေတ်တိမ်လာသည့်အတိုင်း ပန်းသည်များလည်း ဖြီးဖြီးလိမ်းလိမ်း အလှမပြင်ကြတော့ပေ။

မောင်လူအေးတို့ ကောလိပ်ကျောင်းသို့ ရောက်သောနှစ်က မောင်လူအေးတို့ အတန်းတွင် မြန်မာမိန်းကလေး လေးယောက် ရှိလေသည်။ မခင်ခင်ကြီး၊ မမြသိန်း၊ မခင်ဆင့်၊ မစောရီတို့ ဖြစ်ကြလေသည်။ ယခုအခါ ဒေါ်ခင်ခင်ကြီး၊ ဒေါ်မြသိန်း၊ ဒေါ်ခင်ဆင့်၊ ဒေါ်စောရီ တို့ဖြစ်ကုန်ကြလေပြီ။ အိုင်အက်စ်စီ အထက်တန်းတွင်ကား မြန်မာမိန်းကလေး နှစ်ယောက် သုံးယောက်မျှ ရှိ၏။ တစ်ကျောင်းလုံးတွင် ရေတွက်လိုက်ပါမှ မြန်မာမိန်းကလေး ခြောက်ယောက် ခုနစ်ယောက်မျှ ရှိ၏။ မိန်းကလေးများမှာ မိမိတို့၏ မိတ်ဆွေ၊ ဆွေမျိုးများ အိမ်မှနေ၍ ကျောင်းတက်ကြလေသည်။ မိန်းကလေးများ နေထိုင်ရန် ကျောင်းဆောင်သတ်သတ် မဖွင့်သေး။ ကျောင်းသားအပေါင်းတို့သည် ကျောင်းသူတို့အား ရိုသေကြ၏။ ကြည်ညိုကြ၏။ သူတို့နှင့် သွား၍ စကားပြောသူတို့လည်း မရှိ။ ကျောင်းသူများလည်း ကျောင်းသူများ အလိုက်၊ ကျောင်းသားများလည်း ကျောင်းသားများအလိုက် ဣန္ဒြေရစွာနှင့် ကျောင်းတက်လေ့ရှိကြ၏။ ယခုခေတ်မှာကဲ့သို့ မိတ်ဖွဲ့ပွဲများကို ကျင်းပခြင်းလည်း မရှိ။ ခပ်အေးအေးပင် ပညာသင်ကြားနေကြလေသည်။ ထိုခေတ်က တက္ကသိုလ် ကျောင်းတွင် လူနောက်၊ လူပြောင်၊ လူတေများ ရှိသည်ပင်။ သို့သော် နောက်လို၊ ပြောင်လို၊ တေလိုကြလျှင် အပြင်မှာ သွား၍ နောက်

mgyoe.com

mgyoe.com


ပြောင် တေပေကြကုန်၏။ ကျောင်းသူများကိုကား နှမကလေးများကဲ့သို့ စောင့်ရှောက်ကြလေသည်။

မောင်လူအေးတို့ ကောလိပ်ကျောင်းသို့ ရောက်သောခေတ်ကား ကောလိပ်ကျောင်း ဘောလုံးသင်းမှာ ဘီအေအေတွင် များစွာအစွမ်းပြနေသော ခေတ်ဖြစ်လေသည်။ မောင်လူအေးတို့ မရောက်ခင် တစ်နှစ်က ဘီအေအေက ပေးသော ဖလားလေးလုံးစလုံးကိုပင် ရလေသည်။ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်း အသင်းအားလုံးမှာပင် ပထမရကြလေသည်။ ကောလိပ်ကျောင်းရာဇဝင်တွင် စာတင်ထိုက်ပေ၏။ မောင်လူအေးတို့ ကောလိပ်ရောက်သောနှစ်တွင်လည်း ကောလိပ်အသင်းများမှာ နာမည်ကြီးတုန်း ဖြစ်လေသည်။ ဘီအေအေ ဖလားသုံးလုံးကို ရလိုက်သေး၏။ ကောလိပ်ကျောင်းအသင်းနှင့် ကစားသော ညနေများတွင် ဘီအေအေသို့ ကျောင်းသားတိုင်းလိုလို ရောက်ကြ၏။ ဘောလုံးပွဲပြီး၍ ညစာစားချိန်ကျသောအခါ ဘောကစားသူတို့သည် သူတကာထက် နောက်ခပ်ကျကျ ထမင်းစားခန်းထဲသို့ ဝင်လာလေ့ရှိကြ၏။ သူတို့ ဝင်လာတိုင်း ဝင်လာတိုင်း အကြီးအကျယ် ဩဘာပေးကြလေသည်။ လက်ခုပ်တီးသူတီး၊ ပန်းကန်ကို ဇွန်းခက်ရင်းတို့ဖြင့် ခေါက်သူခေါက်နှင့် တစ်ခန်းလုံး ဆူညံ၍ သာနေတော့သတည်း။ ထိုနှစ်က ပထမတန်းအသင်း၏ ကပ္ပတိန်သည် သံတွဲဦးဘလှိုင် ဖြစ်လေသည်။

ထိုနှစ်က ကောလိပ်တစ်ကျောင်းလုံးတွင် လူအသိအများဆုံး၊ ခေတ်အစားဆုံး၊ လူအချစ်အခင် အများဆုံးသော ကျောင်းသားကား ကိုအုံးဖေဆိုသူဖြစ်၏။ နေရာတကာတွင် ဝင်စွက်လေ့ရှိသောကြောင့် မဟုတ်ပါ။ ဘောလုံးအကန်ကောင်းသောကြောင့် မဟုတ်ပါ။ စကားအပြောကောင်းသောကြောင့် မဟုတ်ပါ။ သူတကာထက် ပိုက်ဆံ အကုန်ခံနိုင်သောကြောင့် မဟုတ်ပါ။ မည်သူနှင့်မျှ အသိမလုပ်၊ မည်သူနှင့်မျှ ပေါင်းသင်း ဆက်ဆံခြင်း မပြုသောကြောင့် ဖြစ်ပါသည်။ အတော်ထူးဆန်းသော သူတစ် ယောက်ဖြစ်၏။ သူ့အား ဘုန်းကြီးအုံးဖေ ဟူ၍လည်းကောင်း၊ တေမိ အုံးဖေ ဟူ၍လည်းကောင်း ခေါ်ဆိုကြလေသည်။ သူက စကားမပြောမဆို လုပ်လေ ကျောင်းသားအပေါင်းတို့က သူနှင့်သွား၍ စကားပြောလေ၊ အသိလုပ်လေ

mgyoe.com

mgyoe.com


ပင်တည်း။ မည်သူပင် သူ့အား အသိလာလုပ်စေကာမူ သူကမူကား အသိ မလုပ်ပေ။ သို့နှင့် တစ်ကျောင်းလုံးတွင် ကိုအုံးဖေမှာ နာမည်အကြီးဆုံးသော ကျောင်းသားတစ်ယောက်ဖြစ်၍ လာလေသည်။ ထိုနှစ်က ကိုအုံးဖေမှာ ဝိဇ္ဇာ အောက်တန်းတွင် ပါဠိဂုဏ်ထူးကို ယူနေလေသည်။ ကောလိပ်ကျောင်းက ဘီအေအေတွင် နိုင်လာ၍ ထမင်းစားခန်းထဲသို့ ဘောလုံးသမားများ ဝင်လာ သောအခါ ဆူညံစွာ ဩဘာပေးကြသကဲ့သို့ ကိုအုံးဖေ ဝင်လာသောအခါတွင် လည်း ဩဘာကြီးစွာ ပေးကြကုန်၏။ ယခုခေတ်တွင် အသိများလို နာမည် ကျော်ကြားလိုကြလျှင် မိတ်ဖွဲ့ပွဲကို ကျင်းပကြ၊ ဟိုမှာပါရ သည်မှာပါရနှင့် ဒုက္ခများလှပေသည်။ ကိုအုံးဖေမှာကား သူတကာကို ဂရုမစိုက်၊ အရေးမလုပ် သည်နှင့်ပင် ကောလိပ်တစ်ကျောင်းလုံးတွင် အကျော်ကြားဆုံးသောသူ ဖြစ်၍ လာ၏။ သူ့ကုသိုလ်က ထူးခြားပေသကိုး။

ထိုနှစ်က ရန်ကုန် မြင်းပြိုင်ကွင်းမှာ ကျိုက္ကစံသို့ မပြောင်းရသေး ပေ။ ကောလိပ်ကျောင်းနှင့် ကပ်လျက် မြင်းပြိုင်ကွင်းဟောင်းတွင်ပင် မြင်းပြိုင်ပွဲများကို ကျင်းပလေသည်။ စနေနေ့ အတန်းတက်ရသောအခါ များတွင် အတန်းထဲမှနေ၍ပင် မြင်းပွဲများကို ကြည့်နိုင်၏။ မြင်းပွဲ ဝါသနာ ပါသူတို့ စာတွင် စိတ်မဝင်စားကြတော့ပြီ။ မြင်းပွဲ ဝါသနာပါသူဖြစ်စေ၊ မပါသူဖြစ်စေ အတန်းမတက်ရသော စနေနေ့များတွင် မြင်းပွဲသို့ သွားကာ ခေါက်ဆွဲ၊ စမူဆာတို့ကို ဝယ်စားရင်း မြင်းပွဲဖြင့် အပျင်းဖြေလေ့ရှိကြကုန် ၏ ။

ကျောင်းသားတို့၏ နေအိမ်များမှာ ဂျူဗလီဟောရုံကြီးနှင့် နီးကပ် နေသောကြောင့် ထိုရုံကြီးတွင် ပွဲလမ်းသဘင်ရှိတိုင်း သွားရောက်ကြည့်ရှုသူ ကောလိပ်ကျောင်းသားတို့နှင့်ပြည့်နှက်လျက် နေလေတော့သည်။ ယောက်ျား နှင့် မိန်းမတွဲကာ အင်္ဂလိပ်ကပွဲများ ဂျူဗလီဟောတွင် ကျင်းပသော ညများ တွင် ကောလိပ်ကျောင်းသားအများပင် အပြင်အပမှ သွားရောက်ကြည့်ရှုကာ သွားရည်တမျှားမျှားနှင့် နေလေ့ရှိကြလေသည်။ ဦးဘိုးစိန်၏ပွဲ ဂျူဗလီဟော တွင် ကျင်းပသောညများတွင် ကောလိပ်ကျောင်းသားများ ရုံဝကနေပြီးလျှင် ပွဲလာသူ အပျိုချောကလေးတို့၏ ရူပါရုံအရသာကို အခမဲ့ ခံစားလေ့ရှိကြကုန် ၏။ လက်ကိုင်တင်းသော ကျောင်းသားတို့ကား ညစဉ်လိုလို နေအိမ်မှ

mgyoe.com

mgyoe.com


တိတ်တဆိတ် ထွက်ကာ ဦးဘိုးစိန်ပွဲ သွားကြည့်ကြလေသည်။ ဘိုင်ကျသော ကျောင်းသားတို့ကား နံနက်စောစော လေးနာရီခန့်အချိန်တွင် ရုံတံခါး ဖွင့်သောအခါကျမှ သွား၍ အပြင်ဘက်မှ ရပ်ကာ ကြည့်ကြရာလေသည်။ မောင်လူအေးလည်း ထိုလူစုတွင် တစ်ယောက်အပါအဝင် ဖြစ်၏။ ထိုခေတ် ကလည်း ထိုခေတ်အလျောက် ပျော်စရာကြီးပင်။

ထိုခေတ်က ကောလိပ်ကျောင်းတွင် ယခုခေတ်မှာကဲ့သို့ အသင်းများ စွာ မရှိသေးပေ။ ကောလိပ်ကျောင်း ဗုဒ္ဓဘာသာအသင်းနှင့် ကောလိပ် ကျောင်း စကားအချေအတင်ပြောပွဲ အသင်းနှစ်သင်းသာ ထင်ရှားသော အသင်းများ ဖြစ်ကြလေသည်။ ကောလိပ်ကျောင်းတွင် နာမည်ကြီးသူတို့ ထိုအသင်းနှစ်သင်းတွင် အမှုဆောင်များ ဖြစ်ကြရန် ကြိုးစားကြလေသည်။ ဗုဒ္ဓဘာသာအသင်း အစည်းအဝေးများတွင် နာမည်ကျော် ပုဂ္ဂိုလ်ကြီးများ သည် ဗုဒ္ဓဘာသာနှင့် ပတ်သက်သော အကြောင်းများကို ဟောပြောလေ့ ရှိ၏။

ထိုနှစ်တွင် ကျောင်းသားများ တိုင်းရေးပြည်ရေးကို အတော်ကလေး လိုက်စားစ ပြု၍ လာလေသည်။ မြန်မာပိုင် အင်္ဂလိပ်ဘာသာနှင့် ထုတ်ဝေ သော နယူးဘားမား သတင်းစာသည် ထိုခေတ်လောက်က ထွက်ပေါ်လေ သည်။ ကောလိပ်ကျောင်းသားများ၏ လောကကြီးတွင် အလွန်ခေတ်စား သော သတင်းစာဖြစ်၏။ ထိုသတင်းစာသည် ကောလိပ်ကျောင်းတွင် တိုင်း ရေးပြည်ရေးဝါဒများကို အတော်အတန် ဖြန့်ဖြူးခဲ့လေသည်။ ထိုသတင်းစာ ကို ဖတ်ပြီးလျှင် တိုင်းရေးပြည်ရေး ဝါသနာပါသော ကျောင်းသားတို့ တိုင်း ရေးပြည်ရေးကို အမြဲပင် ဆွေးနွေးလေ့ရှိကြလေ၏။

၁၉၂၀ ပြည့်နှစ်တွင်ပင် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကြီး အတည် ဖြစ်သွား၏။ ထိုအက်ဥပဒေကို တစ်တိုင်းပြည်လုံးက မနှစ်သက်သဖြင့် သတင်းစာများက အကြီးအကျယ် ကန့်ကွက်ကြလေသည်။ သို့သော် အစိုးရ က လျှော့၍ မပေးချေ။ ထိုအခါ သတင်းစာများက မိမိတို့၏တာဝန်နှင့် တိုင်းပြည်၏တာဝန်ကျေပြီ။ ထိုဥပဒေကိုဖျက်ရန်မှာ ကောလိပ်ကျောင်းသား တို့၏ တာဝန်သာ ကျန်တော့၏ ဟု ရေးသားကြလေသည်။ တိုင်းပြည် ခေါင်းဆောင်တို့ကလည်း ကောလိပ်ကျောင်းသားကြီးအချို့နှင့် ဤ

mgyoe.com

mgyoe.com


အကြောင်းကို ဆွေးနွေးတိုင်ပင်ကြလေသည်။ ထိုနှစ် ဒီဇင်ဘာလဆန်း လောက်တွင် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်မှ ကျောင်းသားကြီး ဆယ်ယောက်ခန့်တို့သည် ရွှေတိဂုံဘုရားတွင် ဆွေးနွေးတိုင်ပင်ကြလေ သည်။ ယခုအခါ အမျိုးသားပညာဝန် ဦးဖိုးကျား၊ ကျောက်စာဝန် ဦးလူဖေ ဝင်း၊ ဝန်ထောက် ဦးဖိုးလတ်၊ ပြည်အမျိုးသားကျောင်းအုပ်ဟောင်း ဦးဘဦး တို့လည်း ပါကြလေသည်။ ဆွေးနွေးပွဲတွင် ကျောင်းသားအများ၏ အစည်း အဝေးကို ခေါ်ရန် ဆုံးဖြတ်ကြလေသည်။ ဒီဇင်ဘာလ ၄ ရက် စနေနေ့ နေ့ခင်းအချိန်တွင် ဗဟန်း ကြားတောရ ကျောင်းတစ်ကျောင်းပေါ်တွင် ကောလိပ်ကျောင်းသားတို့၏ အစည်းအဝေးကို ကျင်းပလေသည်။ ထို အစည်းအဝေးတွင် တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်ရန် အားလုံး သဘောတူ ဆုံးဖြတ်ကြလေသည်။ သို့ရာတွင် သဘောကွဲလွဲချက် တစ်ခု ပေါ်ထွက်၍လာ၏။ အချို့က ကျောင်းသားများ၏ လိုလားချက်ကို အစိုးရ ထံတွင် တောင်းမည်။ တောင်း၍ မရမှ သပိတ်မှောက်မည်။ အချို့ကမူကား သပိတ်ကို ဦးစွာမှောက်မည်။ မှောက်ပြီးမှ လိုသောအချက်များကို တောင်း မည်။ ဤသို့ သဘောကွဲလွဲချက် ပေါ်ထွက်၍ လာလေသည်။ နောက်ဆုံး မဲခွဲသောအခါ ဦးစွာ သပိတ်မှောက်မည့်ဘက်က အနိုင်ရသွား၏။

တနင်္လာနေ့တွင် ဘုရင်ခံ ကျောင်းသို့လာ၍ တက္ကသိုလ်အက်ဥပဒေ အကြောင်း ပြောသည့်အခိုက်တွင် အားလုံးသောကျောင်းသားတို့ ကျောင်း မှ စီတန်း၍ ထွက်ရန် စီမံထားကြ၏။ သို့သော် ဤဆုံးဖြတ်ချက်ကို ကျောင်း အုပ်ကြီးမှစ၍ ကျောင်းဆရာများ သိ၍ သွားလေသည်။ ကျောင်းသားများ သပိတ်မမှောက်ကြရန် သွေးဆောင်ရန် ကြံစည်ကြ၏။ ဤအကြောင်းကို သိသော ကျောင်းသားကြီးတို့က တနင်္လာနေ့တိုင်အောင် မစောင့်မူ၍ တနင်္ဂနွေနေ့ကပင် ကျောင်းကို သပိတ်မှောက်ရန် တိုက်တွန်းကြသောကြောင့် ဒီဇင်ဘာလ ၅ ရက် တနင်္ဂနွေနေ့တွင် ကျောင်းသားအပေါင်းတို့ ကျောင်းကို သပိတ်မှောက်ကာ ထွက်လာခဲ့ကြလေသည်။ မောင်လူအေးလည်း သပိတ် မှောက်ကျောင်းသားတို့နှင့်အတူ လိုက်ပါခဲ့၏။ ရန်ကုန် တက္ကသိုလ်ရာဇဝင် တွင် အလွန်ထင်ရှားခဲ့သော ၁၉၂၀ ပြည့်နှစ်ကို အဘယ်မှာလျှင် မေ့၍ ဖြစ်နိုင်ပါတော့အံ့နည်း။

mgyoe.com

mgyoe.com


ဤကား ၁၉၂၀ ပြည့်နှစ်အတွက် ရန်ကုန်တက္ကသိုလ်ကျောင်း၏ မှတ်တမ်းပေတည်း။

သိပ္ပံမောင်ဝ

တက္ကသိုလ်ကျောင်းတိုက်၊ ဝသုန္တစာစောင်၊

၁၉၄၁၊ စာ ၁–၄

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## အမျိုးသားစာဆို ဆရာဇော်ဂျီ (ဦးသိန်းဟန်)၏ အမှတ်တရ ဘဝဖြစ်စဉ်

၁၉၀၇ – ဧပြီလ ၁၂ ရက် (သောကြာနေ့)တွင် ဖျာပုံမြို့၊ မန်ကျည်း တန်းရပ်၌ ဖခင် ဦးယော (အမည်ရင်း ဦးရန်သင်း၊ ဘီးလစ် စာရေးကြီး၊ မအူပင်ဇာတိသား)နှင့် ဆင်ဖြူကျွန်းသူ မိခင် ဒေါ်စိန်ညွန့်တို့မှ ဖွားမြင်။
မွေးချင်းဆယ်ယောက်အနက် အကြီးဆုံးသားဦး (သားကြီး ဩရသ)၊ အမည်ရင်း ဦးသိန်းဟန်။

၁၉၁၂–၁၉ – ဖျာပုံမြို့ ဘုန်းတော်ကြီးကျောင်းတွင် ရှေးဦးစွာ ပညာသင် ကြား၊ ထို့နောက် မြန်မာစာသင်ကျောင်း၊ ထို့နောက် ဖျာပုံ မြို့ အင်္ဂလိပ်–မြန်မာအစိုးရအထက်တန်းကျောင်းတို့တွင် ပညာသင် (သတ္တမတန်းအထိ)။

၁၉၂၀–၂၃ – သတ္တမတန်းကျောင်းသားဘဝတွင် ရန်ကုန်တက္ကသိုလ် သပိတ်ကြီး ပေါ်ပေါက်လာရာ ဖျာပုံမြို့မှ ပါဝင်ဆင်နွှဲကြ သကဲ့သို့ ဇော်ဂျီလည်း ပါဝင်ခဲ့။
– သပိတ်ကြီးကြောင့် အမျိုးသားကျောင်းများ ပေါ်ထွန်းလာ ကြရာ ဇော်ဂျီသည် ဖျာပုံအမျိုးသားကျောင်းတွင် အစိုးရ ကျောင်းများ၌ မသင်ကြားသော မြန်မာစာပေ၊ မြန်မာရာဇဝင် တို့ကို သင်ယူ၊ ၁၉၂၃ ခုနှစ်တွင် ဆယ်တန်းအောင်မြင်။

၁၉၂၄ – ရန်ကုန်အမျိုးသားအထက်တန်းကျောင်း (သရက်တော ကျောင်းတိုက်)၊ ထို့နောက် အထောက်အပံ့ခံ မြို့မအမျိုး

mgyoe.com

mgyoe.com


သား (တိုင်းရင်းသား)အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ ပညာသင်ယူ၊ ၁၁ ဆင့်တန်းအောင်မြင်။

– သစ္စာဝါဒီ သတင်းစာတိုက်က ကြီးမှူးကျင်းပသော ကဗျာ ဘာသာပြန်ပြိုင်ပွဲတွင် စိတ္တသုခလင်္ကာဖြင့် သစ္စာဝါဒီဆု (ရွှေဒင်္ဂါး ငါးပြား) ရရှိ (စိတ္တသုခလင်္ကာမှာ အင်္ဂလိပ်ကဗျာ ဆရာ Henry Wotton ၏ The Character of a Happy Life ကဗျာကို ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်)။

၁၉၂၅–၂၆ – ရန်ကုန်တက္ကသိုလ်တွင် ပညာဆက်လက်သင်ယူ။

၁၉၂၈ – နောင်အခါ ပထမဦးဆုံးသော ခေတ်စမ်းကဗျာဖြစ်လာမည့် ပိတောက်ပန်းကဗျာကို ဖွဲ့ဆို၍ ရှေးဦးစွာ ဟံသာကြေးမုံ (ပဲခူးဆောင်၊ လက်ရေးစာစောင်) တွင် ဖော်ပြ၊ ထို့နောက် မတ်လထုတ် ယူနီဗာစီတီကောလိပ် မဂ္ဂဇင်း၌ ဖော်ပြ။

– ဥပစာတန်းအောင်မြင်၊ မြန်မာစာ အမှတ်အများဆုံးရ၍ သာဒိုးအောင်ဆု ရရှိ။

၁၉၂၉ – ဝိဇ္ဇာဘွဲ့ရရှိ (မြန်မာစာပေ၊ အင်္ဂလိပ်စာပေ၊ အရှေ့တိုင်းနိုင်ငံများသမိုင်း ဘာသာတွဲများဖြင့် အောင်မြင်ခြင်း)။

၁၉၃၀ – ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာနည်းပြဆရာ။

၁၉၃၁ – ဖျာပုံမြို့ထုတ် မြန်မာ့အာဇာနည်ဂျာနယ်တွင် အယ်ဒီတာအဖွဲ့ဝင်။

၁၉၃၁–၃၄ – ရန်ကုန်မြို့မအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာ။

၁၉၃၆ – မဟာဝိဇ္ဇာဘွဲ့ရရှိ။

၁၉၃၆–၃၈ – မန္တလေးဥပစာကောလိပ်တွင် မြန်မာစာနည်းပြဆရာ။

၁၉၃၈–၄၀ – စာကြည့်တိုက်ပညာ ပညာတော်သင်အဖြစ် လန်ဒန်တက္ကသိုလ်နှင့် အိုင်ယာလန်ရှိ ဒဗ္ဗလင်တက္ကသိုလ် (ထရင်နီတီကောလိပ်ကျောင်း) တို့၌ ပညာသင်ယူ။

၁၉၄၀ – စာကြည့်တိုက်ပညာ ဒီပလိုမာ (Dip. Lib; Dublin) ရရှိ အောင်မြင်။

mgyoe.com

mgyoe.com


၁၉၄၁ – ရန်ကုန်တက္ကသိုလ်ကျောင်းတိုက် (University College) ၌ ကောလိပ်စာကြည့်တိုက်မှူး။
– အောက်တိုဘာလတွင် ဦးဆန်း၊ ဒေါ်နှင်းဇင်တို့၏ သမီး၊ ရန်ကုန်မြို့မ အမျိုးသမီးကျောင်း အထက်တန်းပြဆရာမ (မြိတ်ဇာတိဖွား) ဒေါ်စောရင်(ဘီအေ၊ ဘီအီးဒီ)နှင့်လက်ထပ်။

၁၉၄၂ – ဂျပန်ခေတ်၊ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာအစိုးရ ပညာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးဝန် (စာပေနှင့် စာကြည့်တိုက်ဌာနခွဲ)။

၁၉၄၆ – ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှူး။

၁၉၄၇ – အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ The Indian Council of World Affairs မှ ကြီးမှူးကျင်းပသော Asian Relation Conference သို့ ရန်ကုန်တက္ကသိုလ်မှ ဆရာတစ်ဦး (စာကြည့်တိုက်မှူး)အဖြစ် ပါဝင်တက်ရောက်ခဲ့ (၂၃–၃–၁၉၄၇ – ၂–၄–၁၉၄၇)။

၁၉၄၇–၄၈ – တိုင်းပြည်ပြုလွှတ်တော်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်ရုံးတို့တွင် အထူးအရာရှိတာဝန် (အခြေခံဥပဒေ အချောကိုင်ကော်မတီ၊ မြန်မာနိုင်ငံတော်အလံ၊ သီချင်းနှင့် တံဆိပ်ကော်မတီအဖွဲ့ဝင်)။

၁၉၄၉ – ဝဏ္ဏကျော်ထင်ဘွဲ့(ဆုတံဆိပ်)ကို ၄–၁–၁၉၄၉ ရက်စွဲဖြင့် ရရှိ။

၁၉၅၀ – ချစ်ကြည်ရေးအဖွဲ့ဝင်အဖြစ် အင်ဒိုနီးရှားနိုင်ငံသို့သွားရောက်။

၁၉၅၁–၅၂ – မြန်မာ့ပညာရေးလေ့လာရေးအဖွဲ့ (The Burma Educational Observation and Study Mission) အဖွဲ့ဝင်အဖြစ် အင်္ဂလန်၊ အမေရိကန်၊ မက္ကဆီကို၊ ကနေဒါနှင့် ပါကစ္စတန်နိုင်ငံများသို့ ခြောက်လကြာမျှ (၂၂–၁၁–၁၉၅၁ မှ ၂၃–၅–၁၉၅၂ အထိ) သွားရောက်လေ့လာခဲ့။

၁၉၅၂–၅၈ – ပညာရေးဌာန၊ ကျောင်းသုံးစာအုပ်ပြုစုရေး (ထုတ်လုပ်ရေး) ညွှန်ကြားရေးဝန်။

၁၉၅၅ – ချစ်ကြည်ရေးအဖွဲ့ဝင်အဖြစ် ထိုင်း (ယိုးဒယား)နိုင်ငံသို့

mgyoe.com

mgyoe.com


သွားရောက်ခဲ့။

– 'သခင်ကိုယ်တော်မှိုင်းဋီကာ' စာအုပ်ဖြင့် စာပေဗိမာန်၏ စာပဒေသာဆု ရရှိ။

၁၉၅၉–၆၀ – မြန်မာနိုင်ငံသမိုင်းကော်မရှင်ဥက္ကဋ္ဌ။

၁၉၆၁ – ရန်ကုန်တက္ကသိုလ်၏ ဂုဏ်ထူးဆောင် မြန်မာစာပါမောက္ခ။

– သီရိပျံချီဘွဲ့တံဆိပ်ကို ၄–၁–၁၉၆၁ ရက်စွဲဖြင့်ရရှိ။

– ချစ်ကြည်ရေးအဖွဲ့ဝင်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်။

၁၉၆၅–၇၅ – ပညာရပ်ဝေါဟာရကော်မတီဥက္ကဋ္ဌ၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံသမိုင်းသုတေသန ဦးစီးဌာန (ထိုစဉ်က ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်၊ ၂၇–၁၂–၁၉၈၄ တွင် ပညာရေးဝန်ကြီးဌာနလက်အောက်၊ ၂၈–၂–၂၀၀၇ တွင် သမိုင်းသုတေသနနှင့် အမျိုးသား စာကြည့်တိုက်ဦးစီးဌာနအမည်ဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန လက်အောက်ပြန်ရောက်လာခြင်း)၏ ညွှန်ကြားရေးမှူးချုပ်တာဝန်။

၁၉၆၇ – တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူး ရာထူး(အဖြစ်)မှ အငြိမ်းစားယူ။

– ပညာရေးအထူးအရာရှိ (၁)။

– မြန်မာနိုင်ငံသုတေသနအသင်း ဥက္ကဋ္ဌတာဝန်။

၁၉၇၁ – ပထမအကြိမ် နိုင်ငံတကာရာမပွဲတော် (အင်ဒိုနီးရှားနိုင်ငံ) တွင် မြန်မာရာမစာတမ်းကို ပေးပို့ တင်ပြဖတ်ကြား(စေ)ခဲ့။

၁၉၇၅ – အိန္ဒိယနိုင်ငံသို့ ရာမဇာတ်တော်ဆွေးနွေးပွဲတွင် စာတမ်း ဖတ်ကြားတင်ပြရန် ဦးခင်ဇော် (ဆရာ K) နှင့်အတူ သွားရောက်။

၁၉၇၆ – နိုင်ငံသမိုင်းသုတေသနဦးစီးဌာန အကြံပေးပုဂ္ဂိုလ်။

၁၉၇၉ – 'နင်လားဟဲ့ ချစ်ဒုက္ခနှင့် အခြားဝတ္ထုတိုများ' ဘာသာပြန် စာအုပ်ဖြင့် အမျိုးသားစာပေ (ဘာသာပြန်ရသစာပေ) ဆုရရှိ။

၁၉၈၁ – အငြိမ်းစားဘဝကို အပြည့်အဝခံစား (အနားယူ)သော်လည်း စာ၊ ကဗျာများ ထုံ့ပိုင်းထုံ့ပိုင်းရေးသား။

mgyoe.com